ETHNIC ARMED ORGANIZATIONS SUMMIT
LAW KHEE LAR KAREN STATE
2-9 JUNE 2015

**သတင်းထုတ်ပြန်ကြေငြာချက်**
**ရန်ကုန်မြို့၊ မြန်မာနိုင်ငံ**

၂၀၁၅ခုနှစ်၊ ဩဂုတ်လ (၇) ရက်

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ် အဖွဲ့ (SD) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) တို့အကြား ပြုလုပ်သည့် (၉) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် ညှိနှိုင်းအစည်းအဝေး၏ နောက်ဆုံးနေ့အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

နှစ်ရက်ကြာပြုလုပ်သည့်အစည်းအဝေးတွင် ကျန်ရှိနေသေးသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စာချုပ်ပါအခြားအချက်များဖြစ်သည့် ပါဝင်လက်မှတ်ရေးထိုးမည့်သူများကိစ္စနှင့် အသိသက်သေကိစ္စများကိုလည်း ညှိနှိုင်းသဘောတူနိုင်ခဲ့သည်။

သို့သော်လည်းတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်ကို အားလုံးပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်ပါတ်သက်၍ နှစ်ဘက်သဘောတူညီနိုင်သည့် အခြေအနေကို မရရှိနိုင်ခဲ့သည့်အပေါ် အဆိုပါကိစ္စကိုဆက်လက်ညှိနှိုင်းရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းဘက်မှ ထိပ်သီးခေါင်းဆောင်များနှင့် နိုင်ငံတော်သမ္မတဦးသိန်းစိန်တို့ တွေ့ဆုံရန်ညှိနှိုင်းအဆိုပြုထားပါသည်။

**ဆက်သွယ်ရန် -**

(၁) ပူးဇင်ကျုံး - + ၆၆ (၀) ၈ ၃၈၅ ၃၁၉ ၃၂
(၂) ပဒိုစောကွယ်ထူးဝင်း - + ၉၅ (၀) ၉ ၄၂၂ ၁၉၁ ၉၄၁
(၃) နိုင်ဟံသာ - + ၉၅ (၀) ၉ ၂၅၀ ၈၅၁ ၈၈၁

သတင်းနှင့်ပြန်ကြားရေးအဖွဲ့
အီးမေးလ်- sd.media.eaos@gmail.com
ဖုန်း + ၉၅ (၀) ၉ ၂ ၆၄၀၉ ၇၂၁၉